Scott H. Perra, FACHE, President/CEO

Mohawk Valley Health System
PO Box 479 | Utica, NY 13503-0479
(315) 624-6000 | www.mvhealthsystem.org

## ဘဏ္ဍာရေးထောက်ပံ့မှုဆိုင်ရာမူဝါဒ - ရိုးရှင်းသောဘာသာစကားဖြင့် အကျဉ်းချုပ်

Mohawk Valley Health System Financial Assistance Policy (FAP) ကနေ ခံစားခွင့်ရှိတဲ့လူနာတွေအတွက် တစ်စိတ်တစ်ပိုင်း ဖြစ်စေ၊ အလုံးစုံဖြစ်စေ အရေးပေါ် သို့မဟုတ် ဆေးဂါးဆိုင်ရာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဖြည့်ဆည်းပေးထားပါတယ်။ ဘဏ္ဍာရေးအကူအညီလိုအပ်နေတဲ့လူနာတွေအနေနဲ့ ဒီအစီအစဉ်မှာ လျှောက်ထားရမှာဖြစ်ပြီး အောက်မှာ အကျဉ်းချုပ်ဖော်ပြပေးထားပါတယ်။

**ခံစားခွင့်ရှိသောဝန်ဆောင်မှုများ -** အရေးပေါ် သို့မဟုတ် ဆေးဂါးဆိုင်ရာလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို Mohawk Valley Health System ကနေ ထောက်ပံ့ဖြည့်ဆည်းပေးထားပါတယ်။ MVHS မှာ Faxton St.Luke ကျန်းမာရေးစောင့်ရှောက်မှု ၊ St. Elizabeth ကျန်းမာရေးစင်တာနဲ့ Mohawk Valley ကျန်းမာရေးအဖွဲ့ တို့ ပါဝင်ပါတယ်။

**ခံစားခွင့်ရှိသောလူနာများ -** ဘဏ္ဍာရေးထောက်ပံ့မှုလျှောက်လွှာ (ဆက်စပ်စာရွက်စာတမ်းအချက်အလက်များ အပါအဝင်) တင်သွင်းသည့် လူနာများအနေဖြင့် ခံစားခွင့်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု များကို ရရှိမည်ဖြစ်ပြီး ဘဏ္ဍာရေးအကူအညီအတွက် ခံစားခွင့်ကို Mohawk Valley Health System စံနှုန်းများ ဖြင့် ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

**ဘယ်လိုလျှောက်ထားရမလဲ -** ဘဏ္ဍာရေးထောက်ပံ့မှုလျှောက်လွှာတွေကို အောက်ဖော်ပြပါအတိုင်း ရယူ၊ ဖြည့်စွက်၊ တင်သွင်းနိုင်ပါတယ် -

- လျှောက်လွှာကို Faxton St.Luke's ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် St. Elizabeth ကျန်းမာရေးစင်တာရဲ့ တာဝန်ခံရုံး သို့မဟုတ် ဘဏ္ဍာရေး ဆိုင်ရာ အတိုင်ပင်ခံရုံးမှာ ထုတ်ယူပါ။
- Faxton ရုံး (၃၁၅) ၆၂၄-၅၇၃၀၊ St. Luke's ရုံး (၃၁၅) ၆၂၄-၅၁၇၀၊ FSLH စီးပွားရေးရုံး (၃၁၅) ၆၂၄-၅၁၇၀၊ St. Elizabeth ရုံး အမျိုးသမီးများနှင့်

ကလေးငယ်များ ကျန်းမာရေးစင်တာ (၃၁၅) ၈၀၁-၃၅၁၄ သို့မဟုတ် St. Eliazbeth ရုံး (၃၁၅) ၈၀၁-၄၃၅၉ ကို ဖုန်းဆက်ပြီး လျှောက်လွှာကို သင့်ဆီ mail ပို့ပေးဖို့ တောင်းဆိုပါ။

- Faxton St. Luke's Healthcare, Business Office, 1656 Champlin Ave, Utica, NY 13502 or St. Elizabeth Medical Center, Business Office, 2209 Genesee St, Utica, NY 13501 သို့လိပ်မူ၍ စာပို့ခြင်းဖြင့် လျှောက်လွှာကို တောင်းခံပါ။
- လျှောက်လွှာကို Mohawk Valley Health System ရဲ့ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ www.mvhealthsystem.org/billing တွင် download ဆွဲ၍ ရယူပါ။

**ဘဏ္ဍာရေးထောက်ပံ့မှုခံစားပိုင်ခွင့်ကို ဆုံးဖြတ်ခြင်း** - ယေဘုယျအားဖြင့် လူနာတွေဟာ သူတို့ရဲ့အိမ်ထောင်စု အရွယ်အစား၊ အိမ်ထောင်စုဝင်ငွေအပေါ်မူတည်ပြီး ဘဏ္ဍာရေးအကူအညီကို ခံစားခွင့်ရှိကြပါတယ်။ ဖက်ဒရယ် ဆင်းရဲမွဲတေမှု လမ်းညွှန်ချက် http://aspe.hhs.gov/poverty/index.cfm ရဲ့ ၂၅၀ ရာခိုင်နှုန်း ဒါမှမဟုတ် အဲဒီထက်နည်းတဲ့ မိသားစုဝင်ငွေရှိတဲ့ လူနာတွေအနေနဲ့ ၁၀၀ ရာခိုင်နှုန်း လျှော့ပေါ့ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ မိသားစုဝင်ငွေ ၂၅၀ ရာခိုင်နှုန်းကျော်ကနေ ၂၇၅ ရာခိုင်နှုန်းရှိတဲ့လူနာတွေအနေနဲ့ အဆင့်သတ်မှတ်ချက် ၂ ရှိတဲ့ ကုန်ကျစရိတ်ကို မျှပေးကျခံရမှာဖြစ်ပါတယ်။ မိသားစုဝင်ငွေ ၂၇၅ ရာခိုင်နှုန်းကျော်ကနေ ၃၂၅ ရာခိုင်နှုန်းရှိတဲ့ လူနာတွေအနေနဲ့ကတော့ အဆင့်သတ်မှတ်ချက် ၃ ရှိတဲ့ ကုန်ကျစရိတ်ကို မျှပေးကျခံရမှာဖြစ်ပါတယ်။ www.mvhealthsystem.org/billing မှာရှိတဲ့ ဘဏ္ဍာရေးထောက်ပံ့မှုမူဝါဒရဲ့ ဇယား A ကို ကြည့်ပါ။ ခံစားခွင့်ရှိတဲ့လူနာတွေကို အရေးပေါ် ဒါမှမဟုတ် အခြားသော လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထွေထွေ ကျသင့်တဲ့ပမာဏ (AGB) ထက်ပိုပြီး ကောက်ခံမှာ မဟုတ်ပါဘူး။ အဲဒီကျသင့်တဲ့ပမာဏဟာလည်း အာမခံ ရှိထားတဲ့ လူနာတွေကို ကောက်တာထက်များမှာ မဟုတ်ပါဘူး။

ဒီအနှစ်ချုပ်၊ ဘဏ္ဍာရေးထောက်ပံ့မှုမူဝါဒနဲ့ ဘဏ္ဍာရေးထောက်ပံ့မှုလျှောက်လွှာတွေကို အထက်ဖော်ပြထားတဲ့ နေရာတွေမှာ ဘာသာစကားမျိုးစုံနဲ့ တောင်းခံရရှိနိုင်ပါပြီ။

Revised 1/1/16